ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၄.၁၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးတင်ရှုန်၊ တနင်္သာရီ(၆)၊ ကျန်းမာရေးဆေးကုသ။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ငြိမ်းချမ်းရေး ညီလာခံတက်။ ဦးစောအုန်း၊ မွန်(၉)၊ ငြိမ်းချမ်းရေးညီလာခံ။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေး ညီလာခံ။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ငြိမ်းချမ်းရေးညီလာခံ။ ဦးဆားရယ်၊ ကယား(၅)၊ ငြိမ်းချမ်းရေး ညီလာခံ။ ဦးစောထွန်းမြအောင်၊ကရင်(၅)၊ ငြိမ်းချမ်းရေးညီလာခံ။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ငြိမ်းချမ်းရေး ညီလာခံ။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ငြိမ်းချမ်းရေးညီလာခံ။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ငြိမ်းချမ်းရေး ညီလာခံ။ ဦးရှုမောင်၊ ရှမ်း(၈)၊ နာရေးကိစ္စ။ ဦးမန်းကံညွှန့်၊ ကရင်(၂)၊ တရားရုံးကိစ္စ။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ ဖခင် နာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ငြိမ်းချမ်း ရေး ညီလာခံ။ ဦးစိုင်းကျော်စောသန်း၊ ရှမ်း(၂)၊ ငြိမ်းချမ်းရေးညီလာခံ။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ငြိမ်းချမ်းရေးညီလာခံ။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင် ဆောင်ရွက်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)၊ အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကမ္ဘာတစ်လွှား၌ အစွန်းရောက်အကြမ်းဖက် တိုက်ခိုက်ရေးသမားများက ပြည်သူများ စုဝေးရာနေရာများ၌ အကြောင်းမဲ့ဝင်ရောက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူအများအပြား သေကြေပျက်စီးရသည့်ဖြစ်ရပ်များ ပေါ်ပေါက်နေသဖြင့် ထိုသို့အစွန်းရောက်အကြမ်းဖက်သမားများ ဝင်ရောက်ခြင်းကိစ္စမျိုးအတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုသည့်စနစ်နှင့် အရေးပေါ်ကိစ္စများပေါ်ပေါက်ပါက အမြန်ဆုံးတုံ့ပြန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ကမ္ဘာတစ်လွှား၌ အစွန်းရောက်အကြမ်းဖက် တိုက်ခိုက်ရေးသမားများက ပြည်သူများစုဝေးရာ နေရာများ၌

အကြောင်းမဲ့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူအများအပြား သေကြေပျက်စီးရသည့် ဖြစ်ရပ်များပေါ်ပေါက်နေသဖြင့် ထိုသို့အစွန်းရောက် အကြမ်းဖက်သမားများ ဝင်ရောက်ခြင်း ကိစ္စမျိုးအတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုသည့်စနစ်နှင့် အရေးပေါ်ကိစ္စများ ပေါ်ပေါက်ပါက အမြန်ဆုံးတုံ့ပြန် ဆောင်ရွက်နိုင်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအားအမှူးထား၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကော်မရှင်မှ ပညာရှင်များ အားလုံးကို ကျွန်တော်လေးစားစွာ ဂါရဝပြုပါတယ်။

ကျွန်တော် ဦးခင်မောင်ရီ အနေနဲ့ မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်မေးခဲ့တာ လွှတ်တော်စကာစ ဖြစ်ပေမယ့် အကြောင်းကြောင်းကြောင့် လာဖြေဖို့အခက်အခဲ ရှိနေတဲ့အတွက် ကျွန်တော်တို့ ဒါနောက်ကျသွားခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းကတော့ အစွန်းရောက်အကြမ်းဖက်သမားများ ကိစ္စဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားမှာ ပထမပိုင်းကတော့ Isolated Case အနေနဲ့ ဟိုနေရာကွက် ဒီနေရာကွက် ဖြစ်တဲ့ကိစ္စမျိုးလေး ဖြစ်ပါတယ်။ အဲဒါကတော့ အစွန်းရောက်အကြမ်းဖက်တဲ့ လက်နက်ကိုင်အုပ်စုတွေဟာ လူတွေစုဝေးနေတဲ့နေရာတွေ အကြောင်းမဲ့ ဝင်ပစ်တဲ့ကိစ္စ၊ တိုက်ခိုက်တဲ့ကိစ္စမျိုးပါ။ ပထမဆုံး စဖြစ်တာတို့ ဥရောပ၊ နော်ဝေးတို့၊ ဆွီဒင်တို့မှာ စဖြစ်တယ်။ အဲဒီတုန်းကတော့ ပမာဏ နည်းပါတယ်။ ပြင်သစ် ပုံနှိပ်တိုက်တစ်ခုမှာ ဖြစ်တဲ့ကိစ္စ တော်တော်လေး ပြင်းထန်ပါတယ်။

အဲဒါ ပြီးတဲ့နောက်ပိုင်း ထပ်ဖြစ်တယ်။ အဆိုးဆုံးကတော့ ပြင်သစ်ပါရီမှာပဲ ဖြစ်ခဲ့တဲ့ကိစ္စ မှာ လူ အများကြီးသေကြေပြီးတော့ တစ်မြို့လုံးကို စစ်တပ်နဲ့ ဝိုင်းထားပြီးတော့ လုံခြုံရေးယူခဲ့ရတဲ့ကိစ္စမျိုး ဖြစ်လာပါတယ်။ မနေ့တစ်နေ့ကပဲ တူရကီမှာလည်း ထပ်ဖြစ်ပွားပါတယ်။ ဒီလို ဖြစ်ပွားတာတွေ အားလုံးဟာ ခံယူချက်အပေါ်မှာ အစွန်းရောက်သွားတဲ့အတွက်ကြောင့် သူတို့တွေဟာ မဆင်မခြင်နဲ့ တုံ့ပြန်တဲ့အခါမှာ အကြောင်းမဲ့အပြစ်မဲ့ ပြည်သူတွေ သေကြေပျက်စီးတဲ့ကိစ္စမျိုး ဖြစ်ပါတယ်။ ဒီကိစ္စမျိုးနဲ့ ပတ်သက်လို့ အဝေးမှာဖြစ်တာ ဘာဖြစ်လို့ ဒီကပူနေသလဲမေးရင် ကျွန်တော်ဆီမှာလည်း ကြိုကြားကြိုကြား သတင်းလေးတွေ တက်ပါတယ်။ တက်တဲ့ဟာနဲ့ ပတ်သက်လို့ကတော့ Facebook လူမှုကွန်ယက်မှာ တက်တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ Facebook လူမှုကွန်ယက်က တက်တဲ့သတင်းတွေ ကောလဟာလ ပြောလို့မရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ Facebook တက်တဲ့သတင်းကိုပဲ Confirm လုပ်ပြီး နောက်ပိုင်းမှာ ဒါတွေ ဖြစ်လာတာ ဖြစ်ပါတယ်။ ဥပမာ ဟားခါး မြေပြိုတဲ့ကိစ္စ ၊ ဖားကန့် မြေပြိုတဲ့ကိစ္စမှာ Facebook သိပြီးမှ ဝန်ကြီးဌာနတွေက follow up လုပ်တာ ဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ သတင်းတက်တာက ဘယ်ရပ်ကွက်ဘယ်နေရာမှာ မမြင်ဘူးတဲ့ မြန်မာ စကားမတတ်တဲ့ ပုဂ္ဂိုလ်တွေ တွေ့နေတယ်။ ပိုပြီးထူးခြားတာကတော့ စက်မှုဇုန်တစ်ခုရဲ့ စက်မှုလုပ်ငန်းရှင်တစ်ယောက်ရဲ့ ခြံဝန်းထဲကအိမ်မှာ လူ(၃၀)ကျော် စုစည်းနေတယ်။ သူစိမ်းတွေ ဖြစ်ပါတယ်။ တခြား လူမျိုးတွေ ဖြစ်ပါတယ်။ ဒါမျိုးတွေနဲ့ပတ်သက်ပြီးတော့

လူထုတွေသိပြီးတော့ ဝိုင်းလာပြီးတော့ Vigilantly သဘောပေါ့။ လူထုကစောင့်ကြည့်အဖွဲ့တွေနဲ့ ဖွဲ့ပြီးတော့ ဒီလိုလုပ်နေတာ တွေ့လာပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေက စိုးရိမ်လာတယ်။ စိုးရိမ်မှုဟာ ရှင်းရှင်းလင်းလင်းပြောလိုက်ရင် အေးသွားမှာဖြစ်ပြီးတော့ စိုးရိမ်မှုဟာ ရှင်းရှင်းလင်းလင်း မသိရရင် သောကနဲ့သံသယတွေ ဝင်လာပြီးတော့ ပိုဆိုးနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီလိုများ မြန်မာနိုင်ငံထဲကို အစွန်းရောက်အကြမ်းဖက် အုပ်စုတွေက ဝင်လာမယ်ဆိုရင် ကျွန်တော်တို့မှာလည်း ကုန်းနယ်နိမိတ်ဆက်စပ်တဲ့နေရာတွေက ရှိနေတာကို အဲဒါတွေနဲ့ပတ်သက်လို့ စောင့်ကြည့်ရေး အစီအစဉ် surveillance ဘာတွေရှိသလဲ ပိုဆိုးတာက ရုတ်တရက်ဖြစ်လာရင် အမြန်ဆုံးတုံ့ပြန်နိုင်မယ့် Rapid Response အဲဒါလေးများဘာတွေ လုပ်ထားသလဲဆိုတာကို ပြည်သူလူထုတွေက သိပ်စိတ်ဝင်စား ပါတယ်။ ကျွန်တော်တို့ကိုလည်း မေးကြပါတယ်။ ဒါကြောင့် အများပြည်သူစိုးရိမ်နေတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဘဝင်အေးသွားအောင် သိရှိချင်တဲ့အတွက် ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ အရ ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပေးအပ်တဲ့ တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အဖွဲ့ဝင် (၁၁)ဦးဖြင့် ဖွဲ့စည်းထား ရှိပါတယ်။ ယင်းကောင်စီဟာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အပါအဝင် နိုင်ငံ ဖြတ်ကျော်မှုခင်းကိစ္စများ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းလျက် မူဝါဒချမှတ် လမ်းညွှန်ကွပ်ကဲသော ကောင်စီသစ်လည်း ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်မှာ နိုင်ငံတကာ အကြမ်းဖက် အဖွဲ့အစည်းများနှင့် ဆက်နွှယ်နေတဲ့ ဖောက်ခွဲဖျက်ဆီးမှုများ အပါအဝင် အကြမ်းဖက် တိုက်ခိုက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု ပပျောက်ရေးအတွက်ကို အကြမ်းဖက် သမားများ ခိုလှုံနိုင်တဲ့နေရာနှင့် လေ့ကျင့်ရေးစခန်းများ မိမိတို့နိုင်ငံအတွင်း လုံးဝမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရန်နဲ့ တားဆီးနှိမ်နင်းရန်၊ အကြမ်းဖက်မှု ဖြစ်ပွားရတဲ့ အကြောင်းရင်းများ ဖော်ထုတ် လျက် သင့်လျော်သော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရန်၊ အကြမ်းဖက်မှု လုပ်ရပ်မှန်သမျှကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ဖြင့် ထိရောက်စွာတုံ့ပြန်ရန်၊ အကြမ်းဖက်သမားများ နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရေးအတွက်ကို ကြိုတင်ကာကွယ်ရန်၊ အကြမ်းဖက်မှု ဖြစ်ပွားလာပါက

အမြန်ဆုံး ကယ်ဆယ်ရေး၊ ချေမှုန်းရေးဆောင်ရွက်ရန်၊ အိမ်နီးချင်းနိုင်ငံများ ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်စတဲ့ ရည်မှန်းချက်များ ထားပြီး တော့ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ၁၈၆၁ ခုနှစ် ပြစ်မှုဆိုင်ရာ ဥပဒေ၊ ၁၈၇၈ ခုနှစ် လက်နက်ဥပဒေ၊ ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ၊ ၁၉၄၉ ခုနှစ် လက်နက်အရေးပေါ် ပြစ်ဒဏ်စီရင်မှု ယာယီအက်ဥပဒေ၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှု အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် လက်နက်ယာယီပြင်ဆင်မှု အက်ဥပဒေ၊ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်စီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်း ထားပြီး တော့ ပြစ်မှုကျူးလွန်သူများကို အဆိုပါဥပဒေများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်နေစဥ်မှာပဲ အကြမ်းဖက်မှုအား အလေးထားတားဆီးကာကွယ်ရန် အကြမ်းဖက်မှုနှင့် အခြားပြစ်မှုများ တားဆီးနှိမ်နင်းရန် အထူးလုံခြုံရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အခြားတာဝန်များ ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် အထူးတပ်ဖွဲ့ကို ၂၀၀၀ ပြည့်နှစ်ကပင် ဖွဲ့စည်းတာဝန်ပေးပြီးတော့ ထမ်းဆောင်စေလျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် ဆက်စပ်တဲ့ကိစ္စများ အားလုံးမှာ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးတော့ အပြည်ပြည်ဆိုင်ရာ အကြမ်ဖက်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းမှာလည်း ပါဝင်လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ယင်းဥပဒေပုဒ်မ ၅ အရ ၁၃-၁၀-၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၁၉/၂၀၁၅ နဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ပြီးတော့ အဖွဲ့ဝင် (၃၄)ဦးပါဝင်တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ် ထိရောက် စွာကြိုတင်ကာကွယ်နိုင်ရန်အတွက်ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒီဆောင်ရွက်ချက်တွေကတော့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားလာပါက အမြန်ဆုံး တုံ့ပြန်နိုင်ရေးအတွက် သတင်းရဲတပ်ဖွဲ့၌ အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာန Counter Terrorism Department ကို ဖွဲ့စည်းထားရှိပြီးတော့ ကယ်ဆယ်ရေးချေမှုန်းရေး ဆောင်ရွက်နိုင်ရန်အတွက် စုဖွဲ့ပြင်ဆင်လေ့ကျင့်စေပြီး တာဝန်ထမ်းဆောင်စေလျက် ရှိပါတယ်။ လုံခြုံရေးဆောင်ရွက်ရန် အရေးပေါ်အခြေအနေမှာ အချိန်မီဖြေရှင်းရန်အတွက် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့(၄)ဖွဲ့၊ လုံခြုံရေးကွပ်ကဲမှုအဖွဲ့ခွဲ (၁၂)ခု၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (၂၇)ခွဲ၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ (၁)ဖွဲ့ နယ်ခြားစောင့် ရဲကွပ်ကဲမှု အဖွဲ့ခွဲ(၄)ဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး / ပြည်နယ်များမှာလည်း လုံခြုံရေးတပ်ခွဲ (၃)ခွဲစီ၊ ခရိုင် (၁)ခုမှာ လုံခြုံရေးတပ်ခွဲ (၁)ခွဲစီဖွဲ့စည်းထားပြီး မြို့နယ်အဆင့်မှာလည်း တပ်ဖွဲ့ဝင်အင်အား၏ (၃၀) ရာခိုင်နှုန်းရုံးတာဝန်၊ (၂၀)ရာခိုင်နှုန်းကို ပုံမှန်လုံခြုံရေးတာဝန်၊ (၃၀)ရာခိုင်နှုန်းကို တည်ငြိမ်အေးချမ်းရေး အသင့်၊ (၂၀)ရာခိုင်နှုန်းက တရားဥပဒေစိုးမိုးရေး အရန်အဖြစ် စုဖွဲ့ထားရှိပြီးလည်း ဖြစ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာအရေးကြီးနေရာအဖြစ် သတ်မှတ်၍ အထူးလေ့ကျင့်ပေးထားပြီး

ခေတ်မီလက်နက် ကိရိယာများတပ်ဆင်ထားသည့် အကြမ်းဖက်မှု နှိမ်နင်းရေးတပ်ဖွဲ့စုများကိုလည်း ဖွဲ့စည်းတာဝန်ချထားပေးပြီး ဖြစ်ပါတယ်။ အရေးကြီး အဆောက်အဦ၊ ဘာသာရေးအဆောက်အဦ၊ စက်ရုံအလုပ်ရုံ တံတားများရဲ့ လုံခြုံရေးစီမံချက်ရေးဆွဲပြီး လုံခြုံရေးတာဝန်များကို ထမ်းဆောင်စေလျက် ရှိပါတယ်။

နိုင်ငံတကာ အကြမ်းဖက်မှု သတင်းများအား အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် Interpol၊ Aseanapol အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်း များနှင့် ချိတ်ဆက်သတင်းဖလှယ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာ အကြမ်းဖက်မှု များနှင့် ပတ်သက်၍ အင်တာနက်သတင်းများ၊ သတင်းဌာနများမှ အသံလွှင့်ချက်များမှတစ်ဆင့် သတင်း များ စုဆောင်းပြုစုခြင်း၊ Open Sources Media များမှ အကြမ်းဖက်မှု ဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်း စုဆောင်းခြင်းများပြုလုပ်ပြီးတော့ စိစစ်သုံးသပ်ပြီးတော့ ကြိုတင်ကာကွယ်ရေး အစီအမံများ ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်မှုများကို အချိန်နှင့်တစ်ပြေးညီတုံ့ပြန်နိုင်ရန်အတွက် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များမှာ Online စနစ်ဖြင့် ချိတ်ဆက်ထားတဲ့ အမျိုးသား အဆင့် အရေးပေါ်စီမံခန့်ခွဲရေး ဗဟိုဌာနကို ၂၀၁၄ ခုနှစ်မှာ နေပြည်တော်၌ ထူထောင်ထားပြီး ယူရို (၁၀)သန်း တန်ဖိုးရှိတဲ့ သတင်းနည်းပညာသုံး အဆင့်မြင့် အထောက်အကူပြုပစ္စည်း ကိရိယာများကို လည်း တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက စီမံခန့်ခွဲနိုင်ရန် အတွက် အမျိုးသားအဆင့် အရေးပေါ်စီမံခန့်ခွဲမှု ဗဟိုကော်မတီကို ဒုတိယသမ္မတဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင် (၁၂)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

အလားတူ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီ အသီးသီးကို လည်း ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အကြမ်းဖက်မှု အခြေအနေများနှင့် ကြုံတွေ့လာပါက အမြန်ဆုံး တုံ့ပြန်နိုင်ရေးအတွက် တွေ့ကြုံရနိုင်သည့် အခြေအနေများကို မျှော်မှန်းလျက် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်၊ ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှု ဖြစ်ပွားလာပါက၊ ဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်၊ လက်နက်ကိုင်စွဲလျက် ပစ်ခတ်မှုဖြစ်ပွားပါက ဆောင်ရွက်မည့် စီမံချက်၊ ဓားစာခံ ဖမ်းဆီးခံရမှု ဖြစ်ပွားပါက ဆောင်ရွက်မည့် စီမံချက်နှင့် လူထုအမြောက်အမြား ထိခိုက်ဒဏ်ရာရရှိပါက၊ ဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်များအား ရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက် လျက်ရှိပါတယ်။ အကြမ်းဖက်မှုလုပ်ရပ်များ၏ အရင်းအမြစ်ဖြစ်တဲ့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်ကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဖွဲ့စည်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်အုပ်စုများ၊ ယင်းအုပ်စုတို့နှင့်ဆက်နွှယ်သူများကို ငွေကြေးနှင့်ရန်ပုံငွေများကို နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ ထိန်းချုပ်နိုင်ရန်အတွက် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ တားမြစ်မိန့် ထုတ်ပြန် ပြီးတော့ရန်ပုံငွေများအား စိစစ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်အထိ ထိုင်း၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ ရုရှား၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အမေရိကန် ပြည်ထောင်စုနိုင်ငံများနှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ သတင်းအချက် အလက်များ ဖလှယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ အကြမ်းဖက်သမားအုပ်စုများ ဝင်ရောက်မှုမရှိစေရေးအတွက်ကို စောင့်ကြပ်ကြည့်ရှုမှုစနစ်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ Interpol Aseanapol နှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ပေးပို့ထားတဲ့ နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များအား စာရင်းပြုစုပြီးတော့ မှတ်တမ်းထားရှိခြင်း၊ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများနှင့် အကြမ်းဖက်အဖွဲ့ဝင်များအား အမည်မည်းစာရင်း (Black List) စာရင်းရေးသွင်းထားရှိခြင်း၊ အကြမ်းသမားများအဖြစ် သံသယဖြစ်ဖွယ် ရှိသူများအား စောင့်ကြည့်စာရင်းရေးသွင်း၍ စောင့်ကြည့်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ အပြည်ပြည် ဆိုင်ရာနယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များမှာ MIND Device Mobile Interpol Network Database FIND Device Fixed Interpol Network Database များ တပ်ဆင်ပြီးတော့ ခရီးသွားများကို အပြည် ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (Interpol) နှင့် ချိတ်ဆက်ပြီး စောင့်ကြပ်ကြည့်ရှုခြင်း၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံများနှင့် ထိစပ်လျက်ရှိတဲ့ နယ်စပ်ဒေသများမှာ နိုင်ငံအလိုက် နယ်စပ်ဆက်ဆံရေး BLO (Border Liaison Office)ရုံးများကို ဖွင့်လှစ်ထားရှိပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း BLO ရုံးထားရှိရေး တို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ဝင်/ထွက်ပေါက်များအား သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းစစ်ဆေးစောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းဖလှယ်ခြင်း၊ နယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်ခြင်း များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်သမားများအား စောင့်ကြည့်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များရှိ အရေးကြီးနေရာများမှာ CCTV များ တပ်ဆင်၍ စောင့်ကြည့်နိုင်ရေးအတွက်ကို Police Command Centre များကို ဖွင့်လှစ်ထားရှိပြီး ရန်ကုန်မြို့မှာ ဆက်လက်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ လေကြောင်းရဲတပ်ဖွဲ့မှလည်း လေဆိပ်များမှာ ခေတ်မီနည်းပညာသုံး လုံခြုံရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများ တပ်ဆင်ပြီးတော့ (၂၄)နာရီ တာဝန်ချထား စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်သမားများ မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် သတင်းရရှိပါက သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပြီး နောက်ယောင်ခံခြင်း စောင့်ကြပ်ကြည့်ရှုခြင်းများဖြင့် သတင်းဆက်မပြတ်ရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ယင်းသို့ စောင့်ကြည့် စစ်ဆေးနေသည့်နေရာမှ ရရှိသည့် သတင်းအချက်အလက်များအပေါ်မူတည်ပြီး ပြည်တွင်း/ပြည်ပအကြမ်းဖက်သမားများရဲ့ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ အန္တရာယ်နှင့် ပတ်သက်နိုင်သော နိုင်ငံတကာ သတ်မှတ်စံနှုန်းနှင့်အညီ သာမန်အခြေအနေအဆင့်(၅) အစိမ်းရောင်၊ စောင့်ကြည့်အခြေအနေ အဆင့်(၄) အပြာရောင်၊ အဆင့်မြင့်အခြေအနေအဆင့်(၃) အဝါရောင်၊ အမြင့်ဆုံး အခြေအနေအဆင့်(၂) လိမ္မော်ရောင်၊ အဆိုးဆုံး အခြေအနေအဆင့်(၁) အနီရောင် အဆင့် (၅) ဆင့်ကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင်အကြမ်းဖက်သမားများ၏ အဆင့်အတန်းအခြေအနေကို အဆင့်(၁) အလိုရှိသည် (အနီရောင်)၊ အဆင့်(၂) သံသယရှိသူ (လိမ္မော်ရောင်)၊ အဆင့်(၃) ပျောက်ဆုံးနေသည် (အဝါရောင်)၊ အဆင့်(၄) အန္တရာယ် အလားအလာရှိသူ (အပြာရောင်)၊ အဆင့်(၅) မှုခင်းမှတ်တမ်းရှိသူ (အစိမ်းရောင်)များ အဖြစ်လည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ ဖော်ပြပါ စီမံချက်များအပေါ် အခြေခံလျက် အရေးပေါ် အခြေအနေများ ဖြစ်ပွားလို့ရှိရင် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကိုလည်း တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့ကို စီမံဆောင်ရွက်ထားပါတယ်။ ဖြစ်ပွားတဲ့နေရာပတ်ဝန်းကျင်ကို လုံခြုံရေးထိန်းချုပ်ခြင်း၊ အနီးရှိပြည်သူများအား ဘေးကင်း

လုံခြုံစေရေးအတွက်ကို ရွှေ့ပြောင်းကယ်ထုတ်ခြင်း၊ မိုင်းရှင်းလင်းရေး တပ်ဖွဲ့ဝင်များဖြင့် စနစ်တကျ မိုင်းရှင်းလင်းရေး ဆောင်ရွက်ခြင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ အချင်းချင်း ဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရေးအတွက်ကို လုံခြုံရေးကိစ္စများ ဆောင်ရွက်ခြင်း၊ အသင့်စုဖွဲ့ထားသော တပ်ဖွဲ့ဝင်များဖြင့် အမြန် ဆုံးတုံ့ပြန်ဆောင်ရွက်ခြင်း၊ အရန်စုဖွဲ့ခြင်း၊ အခြားနေရာများသို့ ပျံ့နှံ့မှုမရှိစေရေးအတွက်ကို အချိန်တို အတွင်းထိန်းချုပ်ခြင်း၊ ပိတ်ဆို့ဖြတ်တောက် စစ်ဆေးမည့်နေရာများ သတ်မှတ်၍ ချက်ချင်းပိတ်ဆို့ စစ်ဆေးခြင်း၊ ပြည်သူလူထု အထိတ်တလန့်မဖြစ်စေရေးနှင့် သတင်းမှန်ရရှိစေရေးအတွက်ကို ဖြစ်ပွား နေသည့် အခြေအနေများကို မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်တဲ့အတွက် မြန်မာနိုင်ငံမှာ ကျင်းပတဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲများမှာ နိုင်ငံတော် လုံခြုံရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံအတွင်း အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ဖြစ်ပွားပါကလျင်မြန်စွာ တုံ့ပြန်နိုင်ရေး အတွက်ကို ဖော်ပြပါအစီအစဉ်များအတိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ်ဂရန် ရရှိရေး ဖြေကြားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ်ဂရန် ရရှိရေး ဖြေကြားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းမေးမြန်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်မှာ ပြည်သူ(၆၅၇)ဦးအား မြေငှားစာချုပ် ဂရန်ရရှိဖို့အတွက် မေးမြန်းခြင်းဖြေကြားခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့တဲ့နေရာအပေါ်မှာ လက်ရှိအခြေ အနေကို သိလို၍မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်က ပြည်သူ(၆၅၇)ဦးရဲ့ မြေငှားဂရန်စာချုပ် အဆင့်ဆင့်တင်ပြ ဆောင်ရွက်ထားမှု အခြေအနေများကို ဆောင်ရွက်ခဲ့သော်လည်းပဲ ဒါနဲ့ပတ်သက်ပြီးတော့ သိရှိလိုတဲ့

အတွက်ကြောင့် ကြယ်ပွင့်ပြမေးခွန်းကို ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ဖြစ်တဲ့ ၁၁-၃-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းခဲ့ပါတယ်။ အဲဒီလိုမေးမြန်းခဲ့တဲ့အတွက်ကြောင့် ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း က ဖြေကြားခဲ့တဲ့နေရာမှာ မြေပြင်ဧရိယာကျယ်ဝန်းတဲ့အတွက် (၁၅)ကြိမ်ခန့် အသေးစိတ်ကွင်းဆင်း စစ်ဆေး ခဲ့ပြီး ဖြစ်ပါကြောင်း၊ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာနမှ ၁၆-၂-၂၀၁၅ ရက်နေ့မှာ ပြည်ထဲရေး ဝန်ကြီးဌာနကို စိစစ်တင်ပြပြီးဖြစ်ကြောင်း၊ မြေအမည်ပေါက်များမှာ နိုင်ငံခြားသားအမည်ပေါက်၊ နိုင်ငံသားအမည်ပေါက်နှင့် အစိုးရအမည်ပေါက်များဖြစ်ပါကြောင်း၊ နိုင်ငံခြားသားအမည်ပေါက်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ မြေယာသိမ်းဆည်းဆောင်ရွက်ပြီး မြို့တော်စည်ပင်ဆီသို့ လွှဲပေးမှာဖြစ်ပြီး နိုင်ငံသား အမည်ပေါက်ကိုတော့ ပိုင်ဆိုင်ခွင့်ရယူ၍ စာချုပ်စာတမ်းရုံးမှ ဆောင်ရွက်မှာဖြစ်ပြီး အစိုးရ အမည်ပေါက်ကိုတော့ တိုင်းဒေသကြီးက ဆောင်ရွက်ပေးမယ်လို့ ဖြေသွားပါတယ်။

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်မှာရှိတဲ့ (၆၅၇)ဦးသော ပုဂ္ဂိုလ်များဟာ မြေငှားဂရန် စာချုပ် များရရှိဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ရရှိရင် ပြန်ကြားမယ်လို့လည်း ဆိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကာလ ကြာမြင့်ပြီဖြစ်သော်လည်း တစ်စုံတစ်ရာ အောက်ခြေမှာ ထူးခြားမှု မရှိတဲ့ အတွက်ကြောင့် အခုလက်ရှိလွှတ်တော် လက်ရှိအစိုးရသက်တမ်းနဲ့ ဆောင်ရွက်ပေးပါရန် ထပ်မံမေတ္တာ ရပ်ခံလာတဲ့အတွက်ကြောင့် ကျွန်တော် ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

သို့ပါ၍ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်မှာနေတဲ့ ပြည်သူ(၆၅၇)ဦးတို့ရဲ့ မြေငှားဂရန် စာချုပ်ရရှိရေးအတွက် ဝန်ကြီးဌာနဖြေကြားချက်များအပေါ်မှာ ကတိကဝတ်ဖြစ်နေပြီဖြစ်တဲ့အတွက် နိုင်ငံခြားသားအမည်ပေါက်မြေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ထားမှုအခြေအနေ၊ နိုင်ငံသား အမည် ပေါက် မြေနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားမှုအခြေအနေနဲ့ အစိုးရအမည်ပေါက်မြေနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေနဲ့ ပိန္နဲကုန်းရပ်ကွက်မှ ပြည်သူများရဲ့ ဂရန်စာချုပ် လျှောက်ထားချက်ပေါ်မှာ အပြီးဆောင်ရွက်ပေးနိုင်မယ့် ခန့်မှန်းအချိန်ကာလတို့ကို ဖြေကြားပေးနိုင်ပါရန် အများ ပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ ဝန်ကြီးဌာနသို့ လေးစားစွာ မေတ္တာရပ် ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရဲ့ ကိုယ်စားဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံပန်ကြား အပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ်ဂရန် ရရှိရေးအတွက် မေးမြန်းခဲ့မှုအား ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် ဖြေကြားခဲ့ပြီးနောက် ယခုထပ်မံမေးမြန်းလာသည့် မေးခွန်းများအနက် (က)နိုင်ငံခြားသား အမည်ပေါက်မြေများနှင့်စပ်လျဉ်း၍ ယခင်ဖြေကြားချက်အပိုဒ်(၁)တွင်ပါဝင်သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ၁၆-၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရကစ/မြို့ပြ-မြေစီမံ-၂၀၁၅(၃၂၇၉)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့စိစစ်ပြန်ကြားခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ရရှိပါက ယခင်ကဖြေကြားချက်အပိုဒ်(၃)တွင် ဖြေကြားထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ (ခ)နိုင်ငံသားအမည်ပေါက်မြေများနှင့် ပတ်သက်၍ ယခင်ဖြေကြားချက်အပိုဒ်(၂)၊ အပိုဒ်ခွဲ(ခ)တွင် ဖြေကြားထားသည့်အတိုင်း ၎င်းမြေများတွင် နေထိုင်သူများမှသာ ပိုင်ဆိုင်မှုအဆက်အစပ် အထောက်အထားများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည် ဖြစ်ပါ တယ်။ (ဂ)အစိုးရမြေအမည်ပေါက်များမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့် မရှိဘဲ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကသာ စီမံခန့်ခွဲခွင့်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့သို့ တင်ပြလျှင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၎င်းအစိုးရ အမည်ပေါက်မြေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး လွှဲပြောင်းပေးမှသာလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည် ပေါက်ပြောင်းလဲ၍ စီမံခန့်ခွဲ ရမည်ဖြစ်ရာ လွယ်ကူလျှင်မြန်စွာ ဂရန်ရရှိရေးအတွက် နေထိုင်သူများက ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တိုက်ရိုက်တင်ပြလျှောက်ထားခြင်းသည် ပိုမိုမြန်ဆန်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပိန္နဲကုန်းရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ်ဂရန် ရရှိရေးပြီးစီးဆောင်ရွက်နိုင်မည့် ခန့်မှန်းအချိန်ကာလမှာ အထက်ပါဖြေကြားခဲ့သည့်အတိုင်း အပိုဒ်(က၊ခ၊ဂ)များအရသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးတကွ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ အစိုးရသက်တမ်းကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ချင်းပြည်နယ်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျင်မြန်စေရန် ပြည်ထောင်စုဝန်ကြီးတစ်ပါးကို အထူးတာဝန်ပေးပြီး ဆောင်ရွက်ပေးတဲ့အတွက် ပြည်နယ်အနေဖြင့်လည်း တိုးတက်သင့်သလောက် တိုးတက်နေပါတယ်။ အားကစားကဏ္ဍမှာလည်း အားပေးဆောင်ရွက်နေပါကြောင်း သိရှိရပါတယ်။

ချင်းပြည်နယ်မှာ မြို့နယ်(၉)မြို့နယ်ရှိသည့်အနက် ယခုကျွန်တော်တင်ပြတဲ့ ထန်တလန်မြို့နယ်နဲ့ ကန်ပက်လက်မြို့နယ်များမှာသာ အားကစားရုံ ရှိတဲ့အတွက်ကြောင့် အခြား မြို့နယ်များမှာ အားကစားရုံများ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီးကြောင်း လေ့လာသိရှိရပါတယ်။ မြို့နယ်များမှာ မိုးလုံလေလုံအားကစားရုံများ ဆောက်လုပ်ပေးပြီးဖြစ်ပါက ချင်းပြည်နယ် အားကစားအဆင့်အတန်း မြင့်မားလာပြီးတော့ နိုင်ငံတော်၏ အားကစားဆိုင်ရာ မူဝါဒ(၃)ရပ်အနက် နံပါတ်(၁)ဖြစ်တဲ့ မြန်မာ့အားကစားကမ္ဘာကို လွှမ်းမိုးရမယ်ဆိုတဲ့အတိုင်း ချင်းပြည်နယ်အားကစား မြန်မာပြည်ကိုလွှမ်းမိုးရတယ်လို့ ကျွန်တော်တို့က လည်း အသံထွက်လာတော့မှာဖြစ်ပါတယ်။

ဒီမေးခွန်းကို ကျွန်တော် ကြယ်ပွင့်မပြ၊ ကြယ်ပွင့်ပြနဲ့ စတုတ္ထအကြိမ်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မိုးလုံလေလုံ အားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ရှိပါက ဘယ်တော့ဆောက်လုပ်ပေးမည်ဆိုတာကို သိလိုပါကြောင်း မေးမြန်းဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးသောင်းထိုက် (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းမှ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မိုးလုံလေလုံအားကစားရုံ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း တင်သွင်းလာခြင်းနှင့် ပတ်သက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးသောင်းထိုက် မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်များ တွင် အားကစားကွင်း၊ အားကစားရုံများ အသစ်တည်ဆောက်ပေးရေး ပြုပြင်မွမ်းမံပေးရေးလုပ်ငန်းများကို အခြေခံမှုများနှင့် ကိုက်ညီတဲ့မြို့များအလိုက် ဦးစားပေးအဆင့်အလိုက် ပြုပြင်

တည်ဆောက်ပေးလျက် ရှိပါသည်။ အားကစားဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ချင်းပြည်နယ်၊ ထန်တလန် မြို့တွင် မိုးလုံလေလုံ အားကစားရုံ ဆောက်လုပ်ပေးနိုင်ရန်အတွက် ၈-၁၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းမေတ္တာရပ်ခံစာပေးပို့ ဆောင်ရွက်ပေးခဲ့ပါသည်။ ချင်းပြည်နယ် အစိုးရအဖွဲ့မှ ပြန်ကြားချက်အနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပေးရန် အတွက် ပလက်ဝမြို့နယ်နှင့် မင်းတပ်မြို့နယ်တို့အတွက်သာ တည်ဆောက်ပေးရန် ခွင့်ပြုရန်ပုံငွေ ရရှိပါကြောင်း ပြန်ကြားလာပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ထန်တလန်မြို့မှာ မိုးလုံလေလုံ အားကစားရုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ မရရှိပါသဖြင့် တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်းရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေး ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်လေးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဥပဒေတွေနဲ့ ပတ်သက်လို့ နိုင်ငံ့အကြီးအကဲတွေ ဖြစ်တဲ့ တရုတ်ပြည်က မော်စီတုန်း၊ ဆိုဗီယက်ပြည်ထောင်စုက စတာလင်နဲ့ မြောက်ကိုရီးယားက ကင်တို့အတွက် တော့မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုရင် သူတို့က နိုင်ငံ့ရဲ့အုပ်ချုပ်ရေးအာဏာကို သေတဖန်သက်တစ်ဆုံး ချုပ်ကိုင်ထားလို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၄၈ ကနေ ၁၉၈၈ ကြား အုပ်ချုပ်ခဲ့တဲ့ သမ္မတကြီးတွေကတော့ အငြိမ်းစားယူခဲ့ရပါတယ်။ ဒီနေ့အချိန်မှာတော့ သူတို့လေးစားခဲ့တဲ့ သမ္မတကြီးတွေအားလုံး ကွယ်လွန်သွားပြီ ဖြစ်ပါတယ်။ သူတို့ကွန်လွန်သွားပေမယ့် သူတို့ရဲ့ ဘဝသက်တမ်းကိုကြည့်ရင် သူတို့နောက်ဆုံး ဘဝသက်တမ်းကို ကြည့်မယ်ဆိုလို့ရှိရင် အားလုံးဟာ အေးအေးချမ်းချမ်း ငြိမ်းချမ်းစွာ ကွယ်လွန်သွားတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အချို့သမ္မတကြီးတွေက ဥပမာ သမ္မတကြီးမန်းဝင်းမောင်၊ သမ္မတကြီး စဝ်ရွှေသိုက် နဲ့ သမ္မတကြီးဦးနေဝင်း တို့ကတော့ အရေးယူခံရတယ်လို့ ပြောဖွယ်ရာရှိပါတယ်။ ဒါပေမဲ့ ဒီလိုအရေးယူတဲ့ လူတွေကလည်း အရပ်သားအဖွဲ့အစည်းတွေ၊ အရပ်သားအစိုးရတွေ မဟုတ်ပါဘူး။ သူတို့နောက်ပိုင်းမှာ တက်လာတဲ့ တပ်မတော်အုပ်ချုပ်ရေးက အရေးယူခဲ့တာပါ။ ဒီလိုအရေးယူတာလည်း ရက်ရက်စက်စက် အရေးယူတာမဟုတ်ဘဲနဲ့ သာမန်ကာလျှံကာနဲ့ အရေးယူပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်သူတို့ရဲ့ ဘဝတွေက သူတို့ရဲ့လက်ကျန်ဘဝတွေကနေ အငြိမ်းစားယူပြီး လက်ကျန်ဘဝတွေက အေးအေးချမ်းချမ်း ဖြတ်ကျော်ခဲ့ရတယ်လို့ပြောလို့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တစ်ခုပြောရလို့ရှိရင် ၁၉၈၈ ခုနှစ်

ကျွန်တော်တို့ ကျောင်းသားအဖွဲ့တွေက အလွန်အင်အား ကောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့ ကျောင်းသားသမဂ္ဂနဲ့ ပတ်သက်လို့ အလွန်နာမည်ပျက်ရှိတဲ့ သမ္မတကြီးတစ်ယောက်ကိုတောင်မှ ကျွန်တော်တို့ ဘယ်ကျောင်းသားကမှ သွားရောက်ပြီးတော့ ဆူဆူပူပူ အော်ဟစ်ခဲ့တာမရှိပါဘူး။ အဓိက အားဖြင့် ကျွန်တော်တို့ လူငယ်တွေဟာဆိုလို့ရှိရင် တတိယအရွယ်ရောက်ရှိနေတဲ့ အငြိမ်းစားသမ္မတကြီး တွေဟာ အေးအေးချမ်းချမ်းရှိခြင်းအားဖြင့် ဘာသာရေး၊ သာသနာရေးတွေမှာ ပိုပြီးတော့ အားထုတ် နိုင်မယ်လို့ ယူဆခဲ့ပြီးလည်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ ကျွန်တော်တို့ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရတော့ (၅)နှစ်(၁)ကြိမ်မှာ သမ္မတ၊ အငြိမ်းစားသမ္မတတစ်ဦးက ပေါ်ထွက်လာဖွယ်ရှိပါတယ်။ ဒီလို(၅)နှစ် (၁) ကြိမ်ပေါ်ထွက်လာတဲ့ သမ္မတရဲ့နေအိမ်ကို ကာကွယ်ရေးအရလုံခြုံရေး၊ ကာကွယ်ရေးတွေ ဘယ်လိုပေးရ မလဲဆိုတဲ့အချက်ကျတော့ မေးစရာမေးခွန်းအဖြစ်ပေါ်ပေါက်လာပါတယ်။ အရင်တုန်းကပေါ်ခဲ့တဲ့ သမ္မတတွေကိုတော့ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့တွေက ကာကွယ်မှုတွေ၊ စောင့်ရှောက်မှုတွေ အိမ်ရှေ့မှာ ဂိတ်တံခါးဖွင့်ထားတာတွေ ကျွန်တော်တို့ ရန်ကုန်မြို့မှာ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီဥပဒေအရ (၅)နှစ် (၁)ကြိမ် ပေါ်လာမယ့် သမ္မတတွေအတွက်ကတော့ ကျွန်တော်တို့က ဘယ်လိုပုံစံနဲ့ လုပ်မယ်ဆိုတာ စည်းစနစ်တကျရှိဖို့ လိုလာပြီ။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အငြိမ်းစားသမ္မတကြီးတွေနဲ့ ပတ်သက်လို့ ဘာတွေ လုပ်ကိုင်ပေးရမယ် ဆိုတဲ့အချက်ကလည်း ထည့်သွင်းရေးဆွဲပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ပထမအကြိမ် လွှတ်တော်သက်တမ်းရဲ့ နောက်ဆုံးရက်ကာလမှာ ဒီဥပဒေပေါ်ထွက် လာတာဟာ ကျွန်တော်တို့ အချိန် ကိုက်ဖြစ်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေနဲ့ပတ်သက်လို့ အဓိကကြည့်လိုက်တဲ့အခါမှာ အဓိက Key Player ပေါ့၊ Key Player အဖြစ် ကိုယ်ရံတော်ကိုတွေ့ရမှာဖြစ်ပါတယ်။ ကိုယ်ရံတော်ဟာ ဆိုလို့ရှိရင် ဒီဥပဒေကြီး တစ်ခုကို ဒီဥပဒေကြီးအပေါ်ကို တကယ့်အကောင်အထည်ဖော်မယ့်သူ ဖြစ်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ကိုယ်ရံတော်နဲ့ ပတ်သက်လို့ Definition တွေ၊ ကိုယ်ရံတော်ရဲ့ လုပ်ပိုင်ခွင့်ကို ကြည့်တဲ့အခါမှာ အဓိက အားနည်းချက်ကြီးတစ်ခုကို တွေ့ရပါတယ်။ အဓိကအားနည်းချက်ကြီးဟာ ဒီကိုယ်ရံတော်ဟာ လက်နက် မရှိတဲ့အနေအထားကို ဖြစ်နေလို့ပါဘဲ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ အတွေ့အကြုံ တစ်ခုကို ပြောရရင် လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကျော်က နိုင်ငံ့အကြီးအကဲတာဝန်ယူခဲ့တဲ့ ကိုယ်ရံတော်နဲ့ ကျွန်တော်ဟာ ရင်းနှီးခဲ့ရပါ တယ်။ သူ့အိမ်မှာရှိတဲ့ လျှပ်စစ်ပစ္စည်းတစ်ခုကို ကျွန်တော်ပြုပြင်ပေးရင်းနဲ့ ဒီကိုယ်ရံတော် ကြီးနဲ့ ရင်းနှီးခဲ့ရတာ ဖြစ်ပါတယ်။ ဒီကိုယ်ရံတော်ကြီးဟာ အလွန်ကြီးမားတဲ့ နိုင်ငံ့အကြီးအကဲကို စောင့်ရှောက်ခဲ့တဲ့ တာဝန်ကိုယူခဲ့ပေမယ့် ကျွန်တော်နဲ့တွေ့တဲ့အချိန်မှာ သူအငြိမ်းစားယူပြီးနေပါပြီ။ လေဖြန်းရောဂါလည်း ခံစားနေရလို့ အိမ်မှာကျွန်တော်တို့ တုတ်ကောက်နဲ့ သွားနေရတာပါ။ သူရဲ့ စီးပွားရေးအနေနဲ့ကလည်း သိပ်ထည်ထည် ဝါဝါမဟုတ်ပါဘူး။ သူရထားတဲ့ တယ်လီဖုန်းလေးကို အိမ်ရှေ့မှာထုတ်ပြီးတော့ အဲဒီမှာ တယ်လီဖုန်းလာဆက်တဲ့ လူတွေဆီကနေ ပိုက်ဆံတောင်းနေရတဲ့ အလုပ်ပါ။ သူရဲ့နောက်ဆုံးဘဝတွေက ထည်ထည်ဝါဝါ မရှိပေမယ့် တာဝန်ယူခဲ့တဲ့ဘဝတွေက အလွန် ကြာမြင့်ခဲ့တယ်၊ အလွန်ကြီးမားခဲ့တယ်ဆိုတာ သူပြောပြပါတယ်။ သူဟာဆိုလို့ရှိရင် ပြည်တွင်း မှာဆိုလို့ ရှိရင် နိုင်ငံ့အကြီးအကဲရဲ့ အနီးကပ်လုံခြုံရေးကို ကိုယ်ရံတော် ဖြစ်သလို ပြည်ပခရီးတွေပါ လိုက်ပါ စောင့် ရှောက်ရတာဖြစ်ပါတယ်။ အဲဒီ ပြည်ပခရီး စောင့်ရှောက်ရတဲ့အခါမှာ သူရဲ့အကြီးအကဲကြီးကလည်း

ကျွန်တော်တို့ ဥရောပနိုင်ငံတွေထိအောင် တရားဝင်ခရီးရော၊ အလည်အပတ်ခရီးရော မကြာခဏ သွားနေတဲ့ အနေအထားထိအောင် ဖြစ်ပါ တယ်။

ဒီကျွန်တော်တို့ ဥရောပနိုင်ငံခရီးတွေကို သူတို့ရောက်တဲ့အခါမှာ သူကသူတို့အဖွဲ့ ရောက်လို့ ရှိရင် သက်ဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့က လာကြိုတယ်၊ ကြိုပြီးလို့ရှိရင် သူတို့ကို ရင်ထိုး တံဆိပ်လေး တစ်ခုပေးတယ်လို့ပြောပါတယ်။ ဒီရင်ထိုးတံဆိပ်လေးပေးပြီး တပ်ထားပြီးလို့ရှိရင် သူဟာသူ့ရဲ့ လက်နက် ကို ကိုယ်တွင်းမှာ ဆောင်ထားတယ်လို့ပြောပါတယ်။ အဲဒီတော့ ဥရောပနိုင်ငံတွေတောင်မှ ဒီကိုယ်ရံတော် ဆိုတာ လက်နက်ရှိရမယ်၊ လက်နက်ဆောင်ထားရမယ်ဆိုတာကို သူတို့နားလည်မှုရှိစွာနဲ့ သူတို့ တံဆိပ်ပေး တပ်ပြီးတော့ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

ဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်ရံတော်ဆိုတာ လက်နက်ရှိရပါမယ်။ ဒါပေမဲ့ ဒီဥပဒေကြမ်း ထဲမှာ ဘာတွေ့လည်းဆိုရင် ကိုယ်ရံတော်ဟာ လက်နက်မပါဘူးဖြစ်နေတယ်။ လက်နက်ကို သုံးစွဲခွင့် လည်း မရှိဖြစ်နေပါတယ်။ အဓိကအားနည်းချက်က ဒီကိုယ်ရံတော်ဟာ အငြိမ်းစား သမ္မတကြီးကနေပြီး တော့ သူ့စိတ်ကြိုက်ရွေးချယ်ရမယ့် ပြင်ပလူဖြစ်နေတဲ့အတွက်ကြောင့် သူဟာ လက်နက်ကို ကိုင်တွယ် သုံးစွဲခွင့်မရှိတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကို ပထမဦးဆုံး ပြင်ဆင်ချက်အနေနဲ့ ကိုယ်ရံတော်ဟာ အငြိမ်းစားသမ္မတကြီးက ပြင်ပကခန့်လာတယ်ဆိုရင် ဒီကိုယ်ရံတော်ကို လက်နက်ကိုင် အဖွဲ့အစည်းကပဲ ခန့်အပ်ရမယ်ဆိုတဲ့ အနေအထားကို ထည့်သွင်းရေးဆွဲသင့်ပါကြောင်း တင်ပြအပ် ပါတယ်။

ဒါဟာလည်း သမ္မတကြီးရဲ့ လုံခြုံရေးအတွက်ကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီတော့ သမ္မတကြီး သူ့နားက ကိုယ်ရံတော်ကတော့ သူရွေးချယ်ခွင့်ရှိရမှာဖြစ်ပါတယ်။ လက်နက်ကိုင် အဖွဲ့စည်းကနေပြီးတော့ မြန်မာနိုင်ငံမှာ လက်နက်ကိုင်အဖွဲ့အစည်း တပ်ဖွဲ့ဝင်အင်အားသောင်း၊ သိန်းထိ ရှိပါတယ်။ ဒီထဲက ဆွေမျိုးနီးစပ်တဲ့သူတွေ၊ သူယုံကြည်အားကိုးသူနဲ့ အနီးကပ်နေနိုင်မယ့် တစ်ယောက်ကို သူကိုယ်တိုင်ခန့်ပြီးတော့မှ သူ့ကိုသာ ကိုယ်ရံတော်အဖြစ်ခန့်အပ် တာဝန်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒါမှသာ သူဟာ လက်နက်လည်း ကိုင်တွယ်ခွင့်ရှိမယ်၊ လိုအပ်ရင်လည်း သုံးစွဲခွင့်ရှိတဲ့ အနေအထား ဖြစ်ပါတယ်။ အကယ်၍ သူဟာကိုယ်ရံတော်အဖြစ် အလိုမရှိတော့ဘူးဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနကို ပြန်လည် ထမ်းဆောင်ခွင့် သို့မဟုတ် အငြိမ်းစားယူခွင့်ကိုလည်း ဒါကိုလည်း ခွင့်ပြုပေးရမှာဖြစ်ပါတယ်။ ဒုတိယအချက်က ကျွန်တော် ဆက်လက်တင်ပြရလို့ရှိရင် ကိုယ်ရံတော်နဲ့ ကိုယ်ရံတော် အဖွဲ့ဟာဆိုလို့ရှိရင် ဒီ အငြိမ်းစားသမ္မတကြီးကို ပြင်ပခရီးတွေမှာ လိုက်ပါစောင့်ရှောက်ရမယ်ဆိုတဲ့အချက်ကို ရေးဆွဲပြဋ္ဌာန်း ထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ မူရင်းဥပဒေမှာ ပြင်ပခရီးလို့ပြောပေမယ့် ပြည်သူ့လွှတ်တော်က ပြည်တွင်းလို့ ပြောင်းလဲရေးဆွဲထားတာ တွေ့ရပါတယ်။ အဓိကကတော့ ပြည်ပခရီးတွေထိအောင်တော့ လိုက်ပါ စောင့်ရှောက်မနိုင်ဘူးဆိုတဲ့ အနေအထားကို ဥပဒေမှာ ရေးဆွဲထားတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် တင်ပြလိုတာက ပြည်တွင်းခရီးစဉ်တွေမှာလည်း ကျွန်တော်တို့ ဘယ်ကို သွားမယ်ဆိုတဲ့ အချက်တွေကိုထည့်သွင်းရေးဆွဲဖို့လိုအပ်ပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သမ္မတဖြစ်လာနိုင်တဲ့သူက အမျိုးမျိုးဖြစ်ပါတယ်ခင်ဗျား။ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၅၉ နဲ့ မငြိစွန်း၊ ကိုက်ညီတဲ့လူမှန်သမျှဟာ သမ္မတဖြစ်နိုင်တဲ့ အနေအထား ရှိပါတယ်။ အဲဒီတော့ သမ္မတဖြစ်တဲ့လူဟာ ဘယ်လိုအကျင့်စရိုက်မျိုးရှိမယ်ဆိုတာ ခန့်မှန်းလို့မရတဲ့ အနေအထား

ဖြစ်နေပါတယ်။ ဥပမာဒီ အရင်တုန်းက ဒီသောက်သောက်စားစား ပျော်ပျော်ပါးပါးနေတတ်တဲ့ သူကလည်း သမ္မတ ဖြစ်လာနိုင်တဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ သူကသမ္မတအငြိမ်းစား ဘဝရောက်တဲ့အခါမှာ သူကိုယ်တိုင် သောက်သောက်စားစား ပျော်ပျော်ပါးပါးနဲ့ နေတတ်တယ်ဆိုလို့ရှိရင်လည်း သမ္မတ အငြိမ်းစား ဖြစ်တဲ့နေရာမျိုးမှာ သူဒီလိုဘဝမျိုးကို ပြန်ရောက်နိုင်ပါတယ်။ ဥပမာ ဒါကြောင့်လည်း ဒီလိုအပြင်မှာ သောက်စားပျော်ပါးနေတဲ့ အနေအထားမျိုးမှာဆိုလို့ရှိရင် ကိုယ်ရံတော်အဖွဲ့က လိုက်ပါ စောင့်ရှောက်ရမယ့် အနေအထားမျိုးကလည်း ဒါ မသင့်တော်ပါဘူးခင်ဗျား။

နောက် ဒီသမ္မတကလည်း စီးပွားရေးလုပ်ကိုင်တဲ့သူကလည်း သမ္မတဖြစ်တယ်၊ ဒီသမ္မတ အငြိမ်းစားဘဝမှာ စီးပွားရေးဘဝထဲ ကျင်လည်နေတယ်ဆိုတယ်မျိုးကိုလည်း လိုက်ပါ စောင့်ရှောက်ဖို့ မလိုသလို နောက် ကျွန်တော်တို့ ဝါသနာရှင်တွေ၊ ဥပမာ အနုပညာလောကက ဝါသနာရှင်တွေ သမ္မတ ဖြစ်မယ်၊ အနုပညာလောကထဲမှာ ပြန်ပြီး ကခုန် တီးမှုတ်နေမယ်ဆိုလို့ရှိရင်လည်း လိုက်ပါဖို့ မလိုပါဘူး။ ဒါကြောင့် ပြင်ပခရီးတွေမှာ လိုက်ပါ စောင့်ရှောက်ရမယ်ဆိုတာ ဘယ်လိုအနေအထားမျိုးလည်းဆိုလို့ ရှိရင် ဥပမာ လူမှုရေးလုပ်ငန်းတွေ၊ သမ္မတကြီးရဲ့ လူမှုရေးလုပ်ငန်းတွေ၊ ကျန်းမာရေးလုပ်ငန်းတွေ လိုက်ပါ စောင့်ရှောက်ရမယ့်အချက်ကိုလည်း ဒီဟာ ကန့်သတ်သင့်ပါတယ်။ ဥပမာ သမ္မတကြီးက ဂေါက်သီးရိုက်မယ်ဆိုရင် ဒါကျန်းမာရေးလုပ်ငန်းမျိုးအတွက် အကျုံးဝင်ပါတယ်။ ဒါကြောင့် ပြင်ပခရီး တွေမှာ ဘယ်လိုပုံစံမျိုးတွေ လိုက်ပါစောင့်ရှောက်ရမယ့်အချက်ဆိုတာလည်း ဒီဥပဒေထဲမှာ အသေးစိတ် ရေးဆွဲသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်ထပ်ဆက်လက် တင်ပြရမှာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ကျွန်တော်တို့ လုံခြုံရေးအဖွဲ့ ကို သူ့မူရင်းဥပဒေကြမ်းမှာ ပြည်ထဲရေးကဖြစ်စေ၊ ကာကွယ်ရေးဖြစ်စေ၊ တစ်နည်းအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ရွေးချယ်ရမယ်ဆိုတဲ့ သဘောပါပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာကျတော့ ကာကွယ်ရေးကိုဖြုတ်ပြီး၊ ပြည်ထဲရေးကပဲ ခန့်ရမယ်ဆိုတဲ့ အချက်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဝန်ကြီးဌာနတစ်ခုဟာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည် စာရင်းတင်သွင်းလို့သာ တာဝန်ခံရတဲ့ ဝန်ကြီးဌာနတွေဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ ကာကွယ်ရေး နဲ့ ပြည်ထဲရေးဆိုတာ ညီအစ်ကိုဌာနတွေ ညီအစ်ကိုအရင်းအချာတွေလို့ ပြောလို့ရတဲ့အနေအထားတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ လုပ်ငန်းသဘော သဘာဝကမတူပါဘူး။ ဥပမာ ပြည်ထဲရေးကဆိုလို့ရှိရင် ရဲက ဖမ်းပြီးတော့ အပြစ်ပေးလို့မရပါဘူး။ သူက တရားစွဲပြီး အပြစ်ပေးပါတယ်။ ဒါကြောင့် ရဲလုပ်ဖို့ဆိုလို့ရှိရင် တရားဥပဒေ၊ ဒီအမှုစွဲဆိုနိုင်သည့် ဒါတွေကိုက သူကထည့်သွင်းလုပ်ပြတာဖြစ်ပါတယ်။ ကာကွယ်ရေး ကျတော့ ခုခံရေး၊ ကာကွယ်ရေးကိုသာ အဓိကထားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အဲဒီတော့ သမ္မတနဲ့ ကိုယ်ရံတော်အဖွဲ့က သူတို့အဖွဲ့က တရားစွဲဆိုနိုင်တဲ့ အဆင့်မျိုး ရှိအောင် လုပ်ဖို့မလိုပါဘူး။ သူတို့အဓိက ခုခံကာကွယ်ရေးကို ဦးစားပေးရမယ် အနေအထားတွေ ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတရဲ့ ကိုယ်ရံတော် အဖွဲ့ဟာ ကာကွယ်ရေးဝန်ကြီးဌာနနဲ့သာ လူတွေနဲ့သာ ပိုပြီးသင့်တော်တဲ့အတွက် ဒီ ကိုယ်ရံတော်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနရော၊ ပြည်ထဲရေး ဝန်ကြီး ဌာနရော နှစ်ခုလုံးနဲ့ဆိုတဲ့ မူရင်း ပြဋ္ဌာန်းချက်ကိုသာ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြမှာကတော့ ဥပဒေရဲ့ အခန်း(၄)၊ ပုဒ်မ ၁၀ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၁၀ မှာဆိုလို့ရှိရင် သူကသူဟာ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သည့်

ဆောင်ရွက်ချက်များအပေါ် အကာအကွယ်ပေးခြင်းဆိုတဲ့အခန်းပါပဲ။ ဒီမှာ သူရေးဆွဲထားတာ အဓိက အချက်ကတော့ တာဝန်အရ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များကို အကြောင်းပြု၍ ယင်းအား တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ ဆိုတဲ့အချက်ပါတယ်။ ဒီအချက်ကမှန်လားဆိုလို့ရှိရင်တော့ မှန်ပါတယ် ခင်ဗျ။ ဒါပေမဲ့ ဒီအချက်က မှန်သလို ဒီအချက် Alternative ကိုလည်း ကျွန်တော် ပြန်တင်ပြရမယ် ခင်ဗျ။ ဒီအချက် Alternative အပြင် တာဝန်အရမဟုတ်ဘူး။ ဥပဒေနဲ့မညီဘူးဆိုတဲ့ ဆောင်ရွက်ချက် များဆိုလို့ရှိရင်တော့ အရေးယူလို့ရတယ်။ အပြစ်ပေးလို့ရတယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း ကျွန်တော် ဥပဒေတစ်ခုနဲ့ အခြေအနေတစ်ခုကို တင်ပြပါမယ် ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆော်ဒီအာရေဗီးယားမှာ လူတွေကို ကွပ်မျက်စီရင်တဲ့ ဒီရာထူးပေါ့။ ဒီ ပါးကွက်သားရာထူးကို လျှောက်ထားတဲ့လူတွေ အလွန်များပါတယ်။ ဘာကြောင့်လည်း ဆိုလို့ရှိရင် ပါးကွက်သား ရာထူးဟာဆိုလို့ရှိရင် ကျွန်တော်လုပ်ရတာ တစ်ချက်တည်း သူ့ရဲ့ ဒီတာဝန်ယူပြီးလို့ရှိရင် သူ့ရဲ့ အကျိုးခံစားခွင့်ဟာ အလွန်များပါတယ်။ ဒါကြောင့် ဒီရာထူးကို လိုချင်တဲ့ လူများပါတယ်။ ဒီ ရာထူးကို လျှောက်ထားတဲ့သူများတယ်လို့ ပြောလို့ရပါတယ်။ အဲဒီတော့ ဒီသူ့ရဲ့အလုပ်အကိုင်ကဆိုရင် လူတစ်ယောက်ကို ခေါင်းဖြတ်ကွပ်မျက်ရတာဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ဒီလုပ်ရပ်ဟာ သူ့ရဲ့တာဝန်အရ မလုပ်မဖြစ် လုပ်ရမယ့်အနေအထား ဖြစ်တဲ့အတွက်ကြောင့်မို့ ဒီလိုလုပ်ငန်းမျိုးဟာဆိုရင် အရေးယူအပြစ်ပေးလို့ မရပါဘူးခင်ဗျား။ အဲဒီလိုပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဒီ-----

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ ဥပဒေကြမ်းကော်မတီမှာ အပြည့်အစုံ ထဆွေးနွေးလို့ရပါပြီ။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျ။ ဒါကြောင့် ဒီဟာဆိုလို့ရှိရင် တာဝန်အရရှင်းနှီးပေးရခြင်းဟာ မှန်သလိုတာဝန်အရ မဟုတ်တဲ့ ဟာလည်း အရေးယူအပြစ်ပေးခံပေးဖို့ ဖြစ်ပါတယ်။ အကြောင်းအရာ(၂)ခုစလုံးဟာမှန်နေတယ်။ ဥပမာ အရှေ့က နေထွက်တယ်။ အနောက်က နေမထွက်ဘူးဆိုတဲ့ အချက်ဟာလည်း ကျွန်တော်တို့ဥပဒေဟာ ကျစ်လစ်မှုကို ထောက်ထားတဲ့အတွက် ဒီအချက်မျိုးကို ထည့်သွင်းရေးဆွဲဖို့ မသင့်ကြောင်း ဒီအချက်(၂)ခု စလုံးကိုလည်း ဒီဥပဒေမှာ ဖြုတ်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အဆိုပြု ပြဋ္ဌာန်းချင်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကို ဆွေးနွေးတင်ပြသွားမှာ

ဖြစ်ပါတယ်။ ကျွန်တော် အဓိကဆွေးနွေးလိုတဲ့ အကြောင်းအရာကတော့ မူလအဆိုပြု ပြဋ္ဌာန်းချက်ပါ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ အသုံးအနှုန်းနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုပြဋ္ဌာန်း လိုက်သော ပြည်ထဲရေးဝန်ကြီးဌာနဆိုတဲ့ အသုံးအနှုန်းအပေါ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ နေရာလုံခြုံရေး၊ လမ်းကြောင်း လုံခြုံရေး၊ အရေးကြီးပုဂ္ဂိုလ်လုံခြုံရေးစတဲ့ လုံခြုံရေးကိစ္စအဝဝကို ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေး ဝန်ကြီးဌာနတို့မှ ပူးတွဲ၍ ဖြစ်စေ၊ သီးခြားစီဖြစ်စေ တာဝန်ယူ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မူလအဆို ပြုချက်ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူသည် မိသားစုနှင့်အတူ လုံခြုံ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် ကိုယ်ရံတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လုံခြုံရေးကိစ္စများ ဆောင်ရွက်နေသည့် ဖော်ပြပါ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြစ်စေ၊ ရွေးချယ်ခန့်အပ်နိုင်မှာ ဖြစ်ပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းချက်အရဆိုရင်တော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်သူများကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၆ တွင် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်သူအကြီးအကဲသည် နိုင်ငံတော် သမ္မတဖြစ်သူသည် လည်းကောင်း၊ ပုဒ်မ၅၈တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏အထွတ်အထိပ်နေရာတွင် ရရှိသည် ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတသည် မည်သည့် ပါတီမှဖြစ်စေ၊ မည်သည့် အဖွဲ့အစည်းမှပုဂ္ဂိုလ်ဖြစ်စေ၊ ကျွန်တော်တို့ထက် အကြီးအကဲများသာ ဖြစ်ပါတယ်။ ကျွန်တော် တို့ရဲ့ အထွတ်အထိပ်နေရာမှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင် ခဲ့သူများကိုလည်း ကျွန်တော်တို့ရဲ့ အကြီးအကဲအဖြစ် အစဉ်လေးစားနေမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင်တော့ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်နိုင်သူအပေါ် လေးစား တန်ဖိုးထားပြီး နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ရသူသည် မိသားစုနှင့်အတူလုံခြုံ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် ကိုယ်ရံတော်နှင့်လုံခြုံရေးတပ်ဖွဲ့များကို ရွေးချယ်ခန့်အပ်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြစ်စေ မိမိစိတ်ကြိုက် ရွေးချယ်ခန့်အပ် ထားနိုင်ရေး အတွက် ပြင်ဆင်အတည်ပြုထားသော ပြည်ထဲရေးဝန်ကြီးဌာန ဆိုသည့် စကားရပ်များအစား မူလအဆိုပြု ပြဋ္ဌာန်းချက်အပါ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည့် စကားရပ်များကိုသာ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးပဲမင်္ဂလာပါ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်မမေတ္တာပို့ရင်းဂါရဝပြုပါတယ်။ ကျွန်မကတော့အဓိကပြောရလို့ရှိရင်တော့

နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေနဲ့ပတ်သက်လို့ ကျွန်မမူလတင်တဲ့ဟာ အားလုံးကို ကျွန်မကတော့ သဘောတူတယ်ဆိုတဲ့ဟာကို ထောက်ခံတယ်ဆိုတဲ့ဟာကို ကျွန်မက ဆွေးနွေးတင်ပြလိုပါတယ်။

အဲဒီအထဲမှာမှ ဒီ ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းမှာတော့ ပုဒ်မ ၉ ကိုပဲ ကျွန်မကထောက်ခံလိုပါတယ်။ အဲဒါကဘာလဲဆိုတော့ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ ပြည်တွင်း၌ သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါလျက် ကာကွယ်စောင့်ရှောက်ရမည် ဆိုတာကိုတော့ ကျွန်မ ဒါကိုတော့ ထောက်ခံပါတယ်။ ကျန်တာကျတဲ့အခါကျတော့ အစောက ကိုယ်စားလှယ်တော် ကြီးများ ဆွေးနွေးသွားသလိုပဲ ကျွန်မ တပ်မတော်သားကိုယ်စားလှယ် ဆွေးနွေးသလိုပဲ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတာကိုပဲ ကျွန်မက ထောက်ခံပါတယ်။ ဘာလိုလဲဆိုတဲ့အခါကျတော့ ဒါကလုံခြုံရေးနဲ့ ကာကွယ်ရေးဆိုတဲ့အခါမှာ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနလိုအပ်သလို ဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့စကားရပ် အသုံးအနှုန်းကိုပဲ ကျွန်မက ထောက်ခံပါတယ်။

နောက်တစ်ခုကျတော့ ကျွန်မတို့ ပုဒ်မ ၁၀ ဖြစ်ပါတယ်။ ပုဒ်မ ၁၀ မှာကျတော့ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအားတရားစွဲဆိုခြင်းနဲ့ အရေးယူခြင်းများ မရှိစေရဆိုတဲ့ဟာကို ကျွန်မကတော့ နဂိုမူလမှာပဲ ပါထားတဲ့အတိုင်း နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့်ကာလအတွင်းတာဝန်အရ ဆောင်ရွက်ချက်များကိုအကြောင်းပြုလျက် ယင်းအားတရားစွဲဆိုခြင်းနဲ့ အရေးယူခြင်းများ မရှိစေရဆိုတာပဲ ကျွန်မက ထောက်ခံပါတယ်။ ဘာလို့လဲဆိုတဲ့အခါကျတော့ ပြီးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာလည်း ပါပြီးသားတွေဖြစ်ပါတယ်။ စကားလုံးအသုံးအနှုန်းတွေက သူကဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၅ မှာ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ မိမိအား အပ်နှင်းထားသည့် တာဝန်နဲ့လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့် အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့် လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ။ သို့ရာတွင် ဤသို့တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ စွပ်စွဲပြစ်တင် ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရလို့ ဒီမှာ ပုဒ်မ ၂၁၅ မှာ ပြဋ္ဌာန်းထားပါတယ်။

နောက်တစ်ခုကတော့ ဒီမှာသမ္မတကိုလည်း စွပ်စွဲပြစ်တင်လို့ရတယ် ဆိုတာကိုလည်း ထပ်ပြီးတော့ ပြဋ္ဌာန်းထားတာလေးတွေ ရှိပါသေးတယ်။ အဲဒီတော့ သူဆောင်ရွက်တဲ့ ကာလအတွင်းမှာ သူက ဥပဒေနဲ့မညီတဲ့ တစ်ခုခုကို ဆောင်ရွက်တယ်ဆိုလို့ရှိရင် ကျွန်မတို့အဲဒီအချိန်မှာ ဥပဒေနှင့်အညီ စွပ်စွဲပြစ်တင်ပြီးတော့ တစ်ခုခုကို ဒါ ဆက်လက်ဆောင်ရွက်လို့ရတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီလို ရှိလျှက်သားနဲ့မှ ဒါထပ်ပြီးတဲ့အခါကျတော့ တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရဆိုတဲ့အခါမှာ အစောက ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားသလိုပဲ ဒီဥပဒေနှင့်အညီ ဆောင်ရွက်ချက်များဆိုတာက ဒီမှာထပ်ပြီးတော့ ထည့်ဖို့မလိုအပ်

ဘူးလို့ ကျွန်မကတော့ အဲဒီအတိုင်းပဲယူဆပါတယ်။ တာဝန်အရဆောင်ရွက်တာကို စောစောက ပုဒ်မတွေကို ညွှန်းပြီးတဲ့အခါကျတော့ အားလုံးပြည့်စုံကုံလုံတယ်လို့ ထင်ပါတယ်။

နောက်တစ်ခါကျတော့ ကျွန်မတို့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေအရပဲ သူက လိုအပ်တာတွေကို အရေးယူဖို့ အကုန်လုံးပေးပြီးတဲ့အပြင် ပုဒ်မ ၄၃ အရ ပြဋ္ဌာန်းချက်တွေအရတော့ နောက်ကြောင်းပြန်လည်း သွားလို့လည်း မရတဲ့ အခြေအနေရှိပါတယ်။ နောက်တစ်ခုကလည်း ချက်ခြင်းဆောင်ရွက်လို့ရတဲ့ အခြေအနေတွေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားပြီးသားလည်း ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီမှာတာဝန်အရဆိုတဲ့ စကားလုံးအသုံးအနှုန်းအရ ကျွန်မကတော့ အဲဒါကိုတော့ ပြည့်စုံပြီးလို့ ဒါ သမ္မတတာဝန်ကို ထမ်းဆောင်ပြီးလို့ အနားယူတဲ့ ပုဂ္ဂိုလ်အနေနဲ့ကတော့ ဒီတာဝန်အရဆိုတဲ့ စကားလုံးက ပြည့်စုံပြီလို့ထင်ပါတယ်။ နောက်တစ်ခုက ဒီ ဥပဒေနဲ့ ပတ်သက်လို့ကတော့ ကျွန်မတို့ အမေရိကန်မှာရော၊ ကျန်တဲ့ နိုင်ငံတွေမှာရော၊ ပြင်သစ်မှာရော ဒါတွေကပေးထားတာရှိပါ တယ်။ ခံစားခွင့်တွေ ပေးထားတာ။ အဲဒီမှာ အမေရိကန်မှာဆိုလို့ရှိရင်တော့ (၇)လလောက်က ကြိုပြီးတောင်မှပဲ လိုအပ်တဲ့ ဆောင်ရွက်ချက်တွေ ဆောင်ရွက်နေတဲ့အခါမှာ လိုအပ်တဲ့အသုံးစရိတ်တွေ ဘာတွေစသည်ဖြင့် လိုအပ်တာတွေ ပံ့ပိုးပေးတယ်လို့ အဲဒီလိုမျိုးလေ့လာတွေ့ရှိရပါတယ်။ အဲဒီအခါမှာ နိုင်ငံတော်သမ္မတတင်မက နိုင်ငံတော်သမ္မတနဲ့ ပတ်သက်တဲ့ဇနီးကိုပါ ထပ်ပြီးတော့ ပေးတာကိုလည်း ဒီမှာကျွန်မတို့ တွေ့ရပါတယ်။ သို့သော် ဆေးကုသခွင့်နဲ့ ပတ်သက်လို့ကတော့ သူကတပ်မတော်စစ်ဆေးရုံမှာပဲ ကုသခွင့်ရှိပြီးတော့ သူက အသုံးစရိတ်အနေနဲ့ကတော့ လျှော့ပေါ့ပြီးတော့ ပေးချေခွင့်ရှိတယ်လို့ ကျွန်မတို့လေ့လာသုံးသပ်လို့ရပါတယ်။

အဲဒီတော့ အခုတင်လိုက်တဲ့ မူကြမ်းအရ ပြည်သူ့လွှတ်တော်က ပြင်ဆင်တဲ့ ပုဒ်မ ၉ မှအပ ကျန်တာတွေကို ကျွန်မကတော့ နဂိုမူလအတိုင်းပဲ သဘောတူထောက်ခံပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း မူလအဆိုပြုပြဋ္ဌာန်းချက် အခန်း(၁)၊ ပုဒ်မ(၂)(ဃ)မှာ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန(သို့မဟုတ်) ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်ဟုပါရှိပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ကာကွယ်

ရေးဝန်ကြီးဌာနကို ပယ်ဖျက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနနေရာမှာ ပြည်ထဲရေးဝန်ကြီးဌာနကို ပြင်ဆင်ခဲ့ပါတယ်။ ပုဒ်မ ၂(ခ)(ဂ)(ဃ)၊ ပုဒ်မ ၄၊ ၅၊ ပုဒ်မ ၆ (က)(ခ)၊ ပုဒ်မ ၇ (က)(ခ)၊ ပုဒ်မ ၈၊ ၁၂၊ ၁၃၊ ၁၄ စတဲ့ ပုဒ်မ (၆)ခုနဲ့ ပုဒ်မခွဲ (၇)ခုကို ပြင်ဆင်ခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်သည့် ကိုယ်ရံတော်နှင့်တာဝန်ပေးအပ်သည့် တပ်ဖွဲ့ကို လုံခြုံရေးတာဝန်ပေးအပ်နိုင်တယ်လို့ သဘောသက်ရောက်စေရမည်။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေသည် မည်သည့်အစိုးရ၊ မည်သည့်ပုဂ္ဂိုလ် သမ္မတတာဝန်ထမ်းဆောင်ခဲ့သည်ဖြစ်စေ ဤဥပဒေသည် အတည်ဖြစ်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူသည် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနဲ့ စပ်လျဉ်းပြီးတော့ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ဤဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူမှ ၎င်း၏စိတ်ဆန္ဒအရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြစ်စေ ဥပဒေအရ တောင်းခံခွင့်ရရှိရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာန (၂)ခုစလုံးကို တာဝန်ပေးအပ်ခြင်းမဟုတ်ပါ။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူမှာ ၎င်း၏ စိတ်ဆန္ဒအရ လွတ်လပ်စွာ ရွေးချယ်ခွင့် ပေးခြင်းပဲ ဖြစ်ပါတယ်။ ဤဥပဒေရဲ့ အဆိုပြုဋ္ဌာန်းချက် အခန်း(၃)၊ ပုဒ်မ(၄)မှာလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူတစ်ဦးကို ကိုယ်ရံတော်အဖြစ်ခန့်အပ်ရမည်ဟု ပါရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဥပဒေအရ ရှေ့နောက် ညီညွတ်မှုရှိစေရန်အတွက် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းရာတွင် ၎င်း၏ဆန္ဒအရ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဖြစ်စေ ဥပဒေအရ ရွေးချယ်ခွင့်ပေးရမှာ ဖြစ်တယ်လို့ မိမိအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာနအစား မူလပြဋ္ဌာန်းထားသည့်အတိုင်း ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ထပ်မံပြီးတော့ တင်ပြလိုတာကတော့ ဤဥပဒေ၏ အဆိုပြု ပြဋ္ဌာန်းချက်များမှာပါရှိတဲ့ ပုဒ်မ ၂(ဂ)မှာ ကိုယ်ရံတော်အဖွဲ့ဟူသည့် စကားရပ်ကို လုံခြုံရေးဆိုတဲ့ စကားရပ်နဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားပါတယ်။ အခန်း၁၊ ပုဒ်မ ၂(ဂ)၊ အခန်း ၃၊ ပုဒ်မ ၈၊ ၉ ၊ အခန်း၉၊ ပုဒ်မ ၁၂၊ ၁၃ တို့မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ကို မူလအဆိုပြုထားတဲ့အတိုင်းပဲ ကိုယ်ရံတော်အဖွဲ့ဟု ပြန်လည် ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုရတဲ့ အကြောင်းအရင်းကတော့ ကိုယ်ရံတော်အဖွဲ့ ဆိုသည်မှာ ကိုယ်ရံတော်ကို အထူးပြုဖွဲ့စည်းထားသည့် အထူးတပ်ဖွဲ့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားတဲ့ လုံခြုံရေးအဖွဲ့ဆိုသည်မှာ အခြားလုံခြုံရေးအဖွဲ့များနှင့် ရောထွေးနိုင်ပါသဖြင့် မူလအဆိုပြု ပြဋ္ဌာန်းထားသည့်အတိုင်း ပြင်ဆင်သင့်ပါကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ယနေ့ပဲ ပြန်လည်ကြားနာကာ အစီရင်ခံစာတင်သွင်းဖို့ ညွှန်ကြားပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ခဏရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မ ဒီရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေနဲ့ပတ်သက်လို့ အုပ်ချုပ်ရေးကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်း တင်သွင်းတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်မကထောက်ခံပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ သို့သော်လည်း ပြောချင်တာလေး နည်းနည်းရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မလည်းဒါကိုဆွေးနွေးဖို့ အမည်စာရင်း

ပေးခဲ့တာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့အခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ သွားနေတဲ့လမ်းကြောင်းက ကျွန်မတို့ မဏ္ဍိုင်(၃)ရပ်နဲ့ သွားနေတဲ့အခါမှာ ဥပဒေပြုမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်(၂)ခုက အချင်းချင်း အားလုံးပေါ့နော် လက်တွဲပြီးတော့မှ check and balance လုပ်ပြီးတော့သွားနေတဲ့အချိန်မှာ ကျွန်မတို့ ဒီဥပဒေပြုမဏ္ဍိုင်အောက်က ဒီရပ်ကျေးနဲ့ ရပ်ကျေး အုပ်ချုပ်ရေးမှူးနဲ့ ပတ်သက်တဲ့ သက်တမ်းက ကျွန်မတို့အစကတည်းကိုကပဲ အမှန်တကယ်ဆိုလို့ရှိရင် သူက ဥပဒေပြုမဏ္ဍိုင်အောက်က မဟုတ်ဘဲနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ အောက်ကလို့ ကျွန်မအဲဒီလိုပဲ ယူဆပါတယ်။

ဘာလို့လည်းဆိုတဲ့အခါကျ သူကအုပ်ချုပ်ရေးကို ရပ်ကွက်နဲ့ကျေးရွာအုပ်ချုပ်ရေးမှူးဆိုတဲ့ အတွက်ကြောင့်မို့လို့ နဂိုကတည်းကသူက အုပ်ချုပ်ရေးကဏ္ဍကို သူကတာဝန်ယူတဲ့ဟာဆိုတာ ပေါ်လွင် လျက်ရှိပါတယ်။ အဲဒီတော့က ကျွန်မတို့က ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်ကသာ ကျွန်မတို့ ဇန်နဝါရီလ(၃၀၊ ၃၁)မှာ ကုန်တယ်ဆိုပေမယ့် တကယ်အုပ်ချုပ်ရေးမဏ္ဍိုင်ကကျတဲ့အခါကျတော့ ကျွန်မတို့ မတ်လကျမှပဲ၊ မတ်လကုန်အထိ တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုအဆင့်ကဖြစ်စေ၊ တိုင်းဒေသကြီး ပဲဖြစ်ဖြစ်၊ ပြည်နယ်ပဲဖြစ်ဖြစ်၊ မြို့နယ်ပဲဖြစ်ဖြစ်၊ ခရိုင်ပဲဖြစ်ဖြစ်၊ ရပ်ကျေးပဲဖြစ်ဖြစ် အမှန်ကတော့ သမ္မတကြီးရဲ့သက်တမ်းအတိုင်း မတ်လကုန်မှသာ သူကလည်းသက်တမ်းကုန်ဖို့ ရှိပါတယ်။ သို့သော်ငြား လည်းပဲ အခုဟာကတော့ သူကရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွေ၊ အုပ်ချုပ်ရေး မှူးများ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ဆိုပြီးတော့ အဲဒီလိုလုပ်တဲ့အခါမှာ ခုရွေးချယ်ပွဲ တွေလုပ်တဲ့အခါမှာ တကယ်လည်း နေရာအနှံ့မှာ ကျွန်မ တို့ ကြားနေရတာ ကျွန်မတို့ သတင်းတွေရော၊ ကိုယ်တွေ့တွေရော၊ ကျွန်မတို့ ကြုံနေရပါတယ်။

နည်းနည်း အဖုအထစ်ဖြစ်တာလေးတွေ၊ အဆင်မပြေတာလေးတွေ၊ ဝေဖန်သုံးသပ်တာလေး တွေ အဲဒီလိုမျိုး ကြားနေရတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုကြားကတည်းက ကျွန်မ မတ်လ ၃၁ ရက် ဖြစ်သင့်တယ်လို့ အဲဒီလိုမျိုးစိတ်ထဲမှာ ရှိပါတယ်။ အခုဟာတော့ ဥပဒေပြင်ဆင်ဖို့အထိ ထွက်လာတဲ့ အခါကျတော့ ကျွန်မဒါကို ရာနှုန်းပြည့် ကျွန်မက ထောက်ခံပါတယ်။ ဘာလိုလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၁ မှာလည်း ကျွန်မတို့က ပြောထားပြီးသား ဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ)၊ (ဃ) မှာ သူက ပြည်သူတွေ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို အားလုံးမှာ တာဝန်ရှိတယ်ဆိုတဲ့အခါ ဒါက တရားဥပဒေ စိုးမိုးရေးနဲ့ဆိုင်ပါတယ်။ ကျွန်မတို့ အုပ်ချုပ်ရေးမဏ္ဍိုင်အောက်က အဖွဲ့အစည်းမှန်သမျှဟာ အုပ်ချုပ်ရေး မဏ္ဍိုင်နဲ့ ပတ်သက်တဲ့ ဘောင်အတွင်းမှာ အားလုံးက ဝင်ပါတယ်။ အဲဒီတော့ ဒီမှာတော့ သူက ရပ်ကွက်နဲ့ ကျေးရွာများတွင် အခုလိုမျိုး မြန်မြန် လုပ်ရတဲ့အခါ ဇန်နဝါရီ ၃၁ ရက်နေ့ အမီ လုပ်ရတဲ့အခါ ရပ်ကွက်နဲ့ ကျေးရွာများတွင် မတည်ငြိမ်မှုများ၊ ဝေဖန်ပြောကြားမှုများ မဖြစ်ပေါ် စေရန်အတွက် လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအသီးသီးရှိ ဒေသခံပြည်သူများက မိမိတို့၏ အရေးအရာကိစ္စရပ်များကို ကြီးကြပ်စီစဥ် စီမံဆောင်ရွက်ပေးမည့် အုပ်ချုပ်ရေးမှူး ရွေးချယ်တာဝန် ပေးအပ်နိုင်ရေးအတွက် လုံလောက်သော အချိန်ကာလ ရရှိစေရန် အတွက်လည်းကောင်း၊ အသစ်တာဝန်ယူရမည့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကြီးကြပ် လမ်းညွှန်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင် စေရန်အတွက်လည်းကောင်း၊ ဒါကို အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းလို့ အဲဒီလို ပြောထားပါတယ်။

သို့သော်ငြားလည်း ဒါတွေကိုလည်း အကုန်လုံး လက်ရှိအခြေအနေအရ ကျွန်မတို့ ထောက်ခံပါတယ်။ တကယ်လည်း အဲဒီအတိုင်းဖြစ်နေတာ ဖြစ်တဲ့အတွက် အဲဒါတွေကိုလည်း ဒီဥပဒေအရ ဖြေလျှော့ပြီးတော့ ဒါတွေကိုလည်း တော်တော်လေးဖြေရှင်းပြီးသား ဖြစ်သွားမှာ ဖြစ်သည့်အပြင် ကျွန်မတို့ အစော က ပုဒ်မ ၂၁ လိုပဲ ကျွန်မတို့ ဥပဒေတစ်ခု ပြဋ္ဌာန်းလိုက်တဲ့အခါမှာ ပြည်သူလူထုအတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းတဲ့အခါမှာ ထိရောက်ရမယ်။ ခိုင်မာရမယ်။ ပြည့်စုံရမယ်လို့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေက ရည်ညွှန်းပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ ဒီ ပြည်သူ့လွှတ်တော်က ပြင်ဆင်လိုက်တဲ့ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏ သက်တမ်းသည် နှစ်ကြိမ်ထက်မပိုစေရဆိုတာကို ကျွန်မတို့ ထောက်ခံပါတယ်။ နောက် ပုဒ်မ ၉(ခ)ကိုလည်း ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေးမှူးသည် သက်တမ်းအသစ်အတွက် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အသစ်ခန့်အပ်တာဝန်ပေးအပ်သည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရမည်ဆိုတာကိုလည်း ကျွန်မတို့ကထောက်ခံပါတယ်။

ဒါကြောင့်မို့လို့ ဥပဒေပြုမဏ္ဍိုင်အနေနဲ့ အင်မတန်မှ စနစ်တကျဖြစ်စေတဲ့ ဥပဒေတစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအခုပြဋ္ဌာန်းလိုက်တဲ့ ဒုတိယအကြိမ် ထပ်မံပြင်ဆင်တဲ့ဟာကို ရာနှုန်းပြည့် လှိုက်လှိုက်လှဲလှဲ ထောက်ခံကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ဒေါ်ခင်ဝိုင်းကြည် က ဆွေးနွေးသော်လည်း ပြင်ဆင်ချက်မရှိတဲ့အတွက် တစ်ပါတည်းလွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့သဘောထားမှတ်ချက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုထားတဲ့အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါသည် ဆိုပြီးတော့ တင်သွင်းထားတာဖြစ်ပါတယ်။ ဒါကိုဒီတင်သွင်းချက်နဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ သဘောထား ဆန္ဒရယူပါ့မယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွအားလုံးပဲမင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စားကျွန်တော်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက နေပြီးတော့ အဆိုများတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးတင်ပြမှာကတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အပိုဒ် ၂(က)(ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)(တ)(ထ)(ဒ)(ဓ)(န)(ပ)(ဖ)(ဗ)၊ အပိုဒ် ၃(ခ)၊ အပိုဒ် ၄(က)(ခ) (ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(က)(ခ)၊ အပိုဒ် ၁၆(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၂(က)(ခ)(ဂ)၊ အပိုဒ်၂၃(ဂ)(၁)မှ(၇)ထိ၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ ၊အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆(ဃ)၊ အပိုဒ် ၂၇(ခ)(၁)(၂)(၃)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉ ခြေဆင်း၊ အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃(က)(ခ)၊ အပိုဒ် ၃၅(က)(၄)(ခ)၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၆(က)၊ အပိုဒ် ၃၆(ခ) ခြေဆင်း၊ အပိုဒ် ၃၆ (ဂ)(ဃ)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(ဃ)၊ အပိုဒ် ၄၃ ခြေဆင်း၊ အပိုဒ် ၄၅(က)(ခ)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ် ၄၉(က)၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄(ဂ)တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် တင်ပြပါအပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၁း၂၈။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြရမှာကတော့ ပြည်သူ့လွှတ်တော်ရဲ့ ပယ်ဖျက်ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းရဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ (ည)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၆၊ အပိုဒ် ၂၁ ရဲ့ခြေဆင်း၊ အပိုဒ် ၂၃(ခ)အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ (ခ)(ဂ)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ဃ)တို့ကိုတော့ ပြည်သူ့လွှတ်တော်ကပယ်ဖျက်ထားပါတယ်။

ဒီ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ချက်များကလည်း သင့်မြတ်တဲ့ အတွက်ကြောင့်မိုလို့ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၁း၂၉။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူရင်းမြန်မာ့ကျောက်မျက်ရတနာ ဥပဒေရဲ့ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၄၉ တို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီးတော့ အတည်ပြုထားပါတယ်။

ဒီပြည်သူ့လွှတ်တော်ရဲ့ ပယ်ဖျက်ချက်ကို အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုဆောင်ရွက်ပေး နိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပယ်ဖျက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်အတည် ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၁း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]